PROVEN GROUP OF COMPANIES

www.proven.com.mm

# NEWSLETTER

OCTOBER, NOVEMBER,DECEMBER'2024 (5th Time)























PAGE 2 TO 9

## HIGHLIGHTS

- မြန်မာနိုင်ငံတွင် ပထမဦးဆုံးအခွင့်ရ စီးပွားရေးလုပ်ငန်းဆောင်ရွက် (Authorized Economic Operator)Importer Ceremony တွင် (Level-1) အဖြစ် အသိအမှတ်ပြုလတ်မှတ်ချီးမြှင့်ခြင်း
- **Authorized Economic Operator Certification Driving Compliance and Trust** ဂုဏ်ပြုပွဲကျင်းပခြင်း
- အပြည်ပြည်ဆိုင်ရာ ခဲအဆိပ်သင့်မှုကာကွယ်ရေးရက်သတ္တပတ် ဟောပြောပွဲကျင်းပခြင်းနှင့်"ခဲဆိပ်အန္တရာယ်သတိပြုဘွယ်" Campaign ပြုလုပ်ခြင်း
- ပုသိမ်မြို့နှင့် မော်လမြိုင်မြို့တို့ရှိ လူမှုအကျိုးပြုလုပ်ငန်းများသို့ စုစုပေါင်း ကျပ်(၉,၃၅၄,၇၀၀) တန်ဖိုးရှိ Toyo Battery နှင့် အင်ဂျင်ဝိုင်၊ စက်ဆီချောဆီများ လှူဒါန်းခြင်း
- စုပေါင်းပဒေသာပင်ပို့ဆောင်ပွဲကျင်းပခြင်း
- GTI(အင်းစိန်) သို့ စုစုပေါင်း ကျပ်(၁,၀၀၀,၀၀၀)ကျော်တန်ဖိုးရှိ Electric Tool Gun နှင့်လုပ်ငန်းခွင်သုံးဘေး အန္တရာယ်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်း
- Proven International Company Limited ရုံးခန်းနေရာသစ် ပြောင်းလဲဖွင့်လှစ်ခြင်းနှင့် ဆွမ်းသက်နှုန်းကပ်လှူခြင်း
- အရေးပေါ်အခြေအနေများမှ လွတ်မြောက်ခြင်းဆိုင်ရာ လေ့ကျင့်ခြင်း
- ဝန်ထမ်းများအတွက်ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးခြင်း
- Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများ၏ Leadership Development Retreat@2024
- Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများ၏ TEAM CELEBRATION GALA 2024 ကျင်းပခြင်း
- Fixed Assets Management Policy - Acknowledge Training ပြုလုပ်ခြင်း

## မြန်မာနိုင်ငံတွင်ပထမဦးဆုံး အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (AUTHORIZED ECONOMIC OPERATOR) IMPORTER (LEVEL -1) အဖြစ် အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနား










Proven Technology Industry Co., Ltd သည် မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍတွင် ရပ်တည်လာခဲ့သည့် နှစ်(၃၀)ခန့် ကာလအတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံး အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ (AEO - Authorized Economic Operator) Importer (Level -1) အဖြစ် အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ယင်းအသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့ နံနက် (၉:၀၀) အချိန်တွင်၊ UMFCCI (မင်္ဂလာခန်းမ) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ AEO ၏ ပထမအဆင့် ရည်ရွယ်ချက်ဖြစ်သည့် Internal Control ပိုင်းကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ စည်းကမ်းလိုက်နာမှု (Compliance) ဖြစ်/မဖြစ်ကို အဓိက စစ်ဆေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီးဌာနမှ ကုမ္ပဏီ၏ လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်စစ်ဆေးမှုများ၊ ကုန်ကြမ်းတင်သွင်းခြင်း၊ ဝယ်ယူခြင်း၊ ကုန်ကြမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းစသည့် စာရင်းအင်းဆိုင်ရာထိန်းသိမ်းရေးစနစ်ကို စစ်ဆေးမှုများ၊ အကောက်ခွန်ဦးစီးဌာန၏ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း ပြင်ဆင်မှုများ၊ ကုမ္ပဏီ၏ ပြင်ပသတင်းအချက်အလက်များအပေါ်စိစစ်စစ်ဆေးမှုများကို ပြုလုပ်ခဲ့ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသည့်အတွက် အသိအမှတ်ပြုလက်မှတ်ကိုရရှိခဲ့ခြင်းဖြစ်ပါသည်။

## AUTHORIZED ECONOMIC OPERATOR CERTIFICATION DRIVING COMPLIANCE AND TRUST ညစာစားပွဲကျင်းပခြင်း





Authorized Economic Operator Certification “Driving Compliance and Trust” ဂုဏ်ပြုညစာစားပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

# အပြည်ပြည်ဆိုင်ရာ ခဲ အဆိပ်သင့်မှု ကာကွယ်ရေးရက်သတ္တပတ် အထိမ်းအမှတ် အနေဖြင့် ခဲအန္တရာယ်ကာကွယ်ရေး ဟောပြောပွဲ

Proven Group လုပ်ငန်းစုသည် မိမိတို့၏ လုပ်ငန်းများတာဝန်ယူမှုအ ပြည့်အဝရှိသော အလေ့အထများဖြင့် ဆောင်ရွက်လျက်ရှိပြီး လူမှုအကျိုးပြုလုပ်ဆောင်ချက်များကို အစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူအများပြည်သူများ ခဲဆိပ်သင့် အန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ ကျန်းမာရေးဗဟုသုတများအတွက် လက်ကမ်းစာစောင်များဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ Website များတွင်လည်းကောင်း အသိပညာမျှဝေပေးမှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။







## ခဲဆိပ်အန္တရာယ်သတိပြုဘွယ် Campaign



















Proven Group of Companies Limited ၏ "ခဲဆိပ်အန္တရာယ်သတိပြုဘွယ် Campaign" အား 3rd December 2024 ရက်နေ့တွင် ရန်ကုန်မြို့ရှိ Battery လုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းခွင်များသို့သွားရောက်၍ ခဲနှင့်ပတ်သတ်သည့် အန္တရာယ်မဖြစ်ပွားစေရန်နှင့် ကြိုတင်သတိပြုကာကွယ်နိုင်စေရန် အသိပညာပေးလက်ကမ်းစာစောင် အစောင်ရေ (၅၀၀၀)ကို မျှဝေပေးခဲ့ကြပါသည်။

Proven Group of Companies သည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ISO စံချိန်စံညွှန်း ISO 45001 : 2018 နှင့် အညီ အထူးကြပ်မတ်ဆောင်ရွက်လျှက်ရှိသည့်အပြင် မိမိတို့၏ လုပ်ငန်းနှင့်ပတ်သတ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အသိအမှတ်ပြု လက်မှတ် ISO စံချိန်စံညွှန်း ISO 14001:2015 နှင့် အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိအောင်လည်း အထူးကြပ်မတ် ဆောင်ရွက်လျှက်ရှိပါသည်။ လူမှုအကျိုးပြုလုပ်ငန်းများ ကိုလည်း စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျှက် ရှိပါသည်။

## **PROVEN DISTRIBUTION CO.,LTD** နှင့် **PROVEN INTERNATIONAL CO.,LTD** တို့မှ ပုသိမ်မြို့ရှိ လူမှုအကျိုးပြုအဖွဲ့အစည်းများသို့ **TOYO BATTERY** နှင့် အင်ဂျင်ဝိုင်၊စက်ဆီချောဆီ များပေးအပ်လှူဒါန်းခြင်း










Proven Distribution Co.,Ltd နှင့် Proven International Co.,Ltd. တို့မှ ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့ရှိလူမှုအကျိုးပြုအဖွဲ့အစည်းများဖြစ်ကြသည့် "မနောဖြူလူမှုကူညီရေးအသင်းနှင့် ကရုဏာလူမှုအကျိုးပြုအသင်းတို့အား လူမှုအကျိုးပြုလုပ်ငန်းများတွင်အသုံးပြုဆောင်ရွက်နေသော မော်တော်ယာဥ်များအတွက်လိုအပ်သော၊ မိမိတို့ ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိရောင်းချလျှက်ရှိသည့် TOTO Battery၊ STATES အင်ဂျင်ဝိုင်နှင့်စက်ဆီချောဆီများ တန်ဖိုးအားဖြင့် စုစုပေါင်းကျပ် (၄,၁၇၉,၇၀၀)ကို ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို (၅ အောက်တို ဘာ ၂၀၂၄)ရက် (စနေနေ့)တွင် Proven Distribution Company Limited ပုသိမ်ရုံးခွဲ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။







## မော်လမြိုင်မြို့ရှိ လူမှုအကျိုးပြုအဖွဲ့အစည်းများသို့ **TOYO BATTERY** နှင့် အင်ဂျင်ဝိုင်၊ စက်ဆီချောဆီများပေးအပ်လှူဒါန်းခြင်း



















Proven Distribution Co.,Ltd နှင့် Proven International Co.,Ltd. တို့မှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ လူမှုအကျိုးပြုအဖွဲ့အစည်းများဖြစ်ကြသည့် ရာမည အရေးပေါ်လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာလူငယ်(မုဒုံအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့)တို့အား မိမိတို့ ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချီရောင်းချလျှက်ရှိသည့် Battery ၊ အင်ဂျင်ဝိုင်နှင့် စက်ဆီချောဆီများ တန်ဖိုးအားဖြင့် စုစုပေါင်း ကျပ် (၄,၁၇၉,၇၀၀)ကို ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို (၆ ဒီဇင်ဘာ ၂၀၂၄)ရက် ( သောကြာနေ့)တွင် ရာမည အရးပေါ် လူမှုကယ်ဆယ်ရေးအဖွဲ့ရုံးခန်းနေရာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## စုပေါင်းပဒေသာပင် ပို့ဆောင်ပွဲ

Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Co., Ltd ၊ Proven Distribution Co., Ltd ၊ Proven Polyworld Co., Ltd၊ Proven International Co., Ltd တို့၏ စုပေါင်းပဒေသာပင်ပို့ဆောင်ပွဲကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက် ( ကြာသပတေး) နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ (၂၄)ရပ်ကွက် (ဇီးကုန်းကျေးရွာအုပ်စု)အတွင်းတည်ရှိသော ရွှေမြို့ဝင် ဇီးကုန်းကျောင်းတိုက်၌ ဝါတွင်းသုံးလ ကာလပတ်လုံး ဝါကျိုး၊ ဝါပျက်မရှိဘဲ သီတင်းသုံးတော်မူသော သံဃာတော်များအား ကထိန်လျာသင်္ကန်း၊ ငွေပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများ တန်ဖိုးအားဖြင့် ကျပ် (၈,၄၇၀,၆၇၀) ကိုရေစက်သွန်းချလှူဒါန်းခဲ့ပါသည်။











## **GTI** (အင်းစိန်) သို့ **Electric Tool Gun** နှင့် လုပ်ငန်းခွင်သုံးဘေးအန္တရာယ် ကာကွယ်ရေး အသုံးအဆောင် ပစ္စည်းများလှူဒါန်းခြင်း

Proven Group of Companies Ltd. သည် လူမှုအကျိုးပြုလုပ်ငန်း (CSR)များကို တတပ်တအား ပံ့ပိုးကူညီထောက်ပံ့လျက်ရှိသည့်အလျှောက် Government Technical Institute (အစိုးရစက်မှုလက်မှုသိပ္ပံ) - GTI အင်းစိန် ၏ EV နည်းပညာဆိုင်ရာ လက်တွေ့သင်တန်းများတွင် အသုံးပြုနိုင်ရန် ငွေကျပ် (၁၀) သိန်းကျော် တန်ဖိုးရှိ Electric Tool Gun များနှင့် လုပ်ငန်းခွင်သုံးဘေးအန္တရာယ်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့ပါသည်။



## **Proven International Company Limited** ရုံးခန်းနေရာသစ်ပြောင်းလဲဖွင့်လှစ်ခြင်း

Proven International Co.,Ltd ၏ရုံးခန်းသစ်နှင့် Showroom အားအမှတ် ၃၀၉၊ ရတနာလမ်း၊ အောင်ရတနာ အထူးကုဆေးခန်းရှေ့၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းလဲ ဖွင့်လှစ် ခဲ့ပြီး၊ သံဃာတော် များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ရွတ်ဖတ်ပူဇော် ခြင်းအခမ်းအနား နှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းအား နိုဝင်ဘာ (၉)ရက်၊ ၂၀၂၄ ခုနှစ် (နံနက် ၁၁:၀၀ ) နာရီတွင်ကျင်းပခဲ့ပါသည်။













## အရေးပေါ် အခြေအနေ များမှ လွတ်မြောက်ခြင်းဆိုင်ရာ လေ့ကျင့်ခြင်း

လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေစဉ်လုပ်ငန်းခွင်အခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးလောင်ခြင်းနှင့် သဘာဝအခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ငလျှင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်း စသည့်အခြေအနေများတွင် ဝန်ထမ်းများအနေဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် ကြုံတွေ့နေရသည့် အန္တရာယ်များမှ ဘေးကင်းစွာလွတ်မြောက်နိုင်ရေး ဆောင်ရွက်မည့် နည်းလမ်းများကို သိရှိပြီး အဆိုပါ အန္တရာယ်များမှ လွတ်မြောက်နိုင်ရန် ကုမ္ပဏီ၏ အစီအစဉ်ဖြင့် လုပ်ငန်းခွင်ဆိုင်ရာ အရေးပေါ်အခြေအနေများမှ လွတ်မြောက်နိုင်ရေး စာတွေ့လက်တွေ့လက်တွေ့သင်ကြားပို့ချခြင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်နေ့တွင် ဆောင်ရွက်ခဲ့ကြပါသည်။



## ဝန်ထမ်းများအတွက် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးခြင်း

Proven Group of Companies Limited နှင့် ညီနောင် ကုမ္ပဏီ အသီးသီးရှိ ဝန်ထမ်းများအား Regular Medical check up ပြုလုပ်ခြင်းအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဆောင်ရွက်ပေးခဲ့ပြီးလိုအပ်သည့် လမ်းညွှန်ချက်များအားအသေးစိတ် ဆွေးနွေးပြောကြားခဲ့ပါသည်။





# PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီများ၏
## "LEADERSHIP DEVELOPMENT RETREAT@2024"






Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီအသီးသီးမှ Management Level များအား စုစည်း၍ အချင်းချင်းရင်းနှီးမှုရရှိစေရန်၊ အသိအမြင်ဗဟုသုတများ မျှဝေနိုင်စေရန်၊ ပိုမိုတိုးတက်ကောင်းမွန်သည့် လုပ်ငန်းခွင်တစ်ခုဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် "Leadership Development Retreat" အစီအစဉ်ကို နှစ်စဉ် စီစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ အဆိုပါအစီအစဉ်တွင် Change Management & Transformational Leadership နှင့် Team Building ဆိုင်ရာ Learning Secession များအပါအဝင် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များဖြင့် 23rd & 24th November 2024 တို့တွင် (၂)ရက်တိုင်တိုင် Wyndham Grand Hotel (Yangon) တွင် Management Level မှ Management Team စုစုပေါင်း (၈၀)ဦးဖြင့် အတူတကွပါဝင်ခဲ့ပါသည်။ ပူးပေါင်းပါဝင်ပေးကြသည့် အဘက်ဘက်မှ တာဝန်ရှိသူများနှင့် Proven Group of Companies မှမိသားစုဝင်လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။













# PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီများ၏
## "TEAM CELEBRATION GALA @ 2024"











Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီ အသီးသီးမှ ဝန်ထမ်းမိသားစုဝင်များအား နှစ်စဉ်စီစဉ်ပြုလုပ်ပေးလျက်ရှိသည့် ဝန်ထမ်းများ တွေ့ဆုံ ညစာစားပွဲ အခမ်းအနားကို ယခုနှစ်အတွက် **"Team Celebration Gala @2024''** ဟူသည့် ခေါင်းစဉ် ဖြင့် (၂၈-ဒီဇင်ဘာလ-၂၀၂၄)ရက်, စနေနေ့တွင် City Golf Swimming Pool & Restaurant ၌ ဝန်ထမ်းဦးရေ (၈၀၀)ခန့်ဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ အဆိုပါ အခမ်း အနားတွင် ကုမ္ပဏီ အသီးသီးမှ ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးခဲ့သည့် အပြင် Proven Group of Ccmpanies တွင် အကြံပေးများအဖြစ် ကူညီ ဆောင်ရွက်ပေးကြသည့် ဆရာကြီးဦးကျော်ညွန့် နှင့် ဆရာကြီးဦးအောင်ညွန့်တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။ ထို့အပြင် Proven Group of Companies တွင် ယခင်နှစ်များတွင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် Alumni of Proven Group အဖွဲ့ဝင်များအား ဖိတ်ကြားပြီး Platinum Alumni, Gold Alumni, Silver Alumni ဟူ၍ လုပ်သက်အလိုက် ခေါင်းစဉ်များသတ်မှတ်ကာ အမှတ် တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ အမှတ်တရဓာတ်ပုံများရိုက်ကူးခဲ့ကြပါသည်။ ဝန်ထမ်းများအားလုံးပျော်ရွှင်စိတ်လှုပ်ရှားစေမည့် Lucky Draw အစီအစဉ်နှင့် အတူ ဖျော်ဖြေရေး အစီအစဉ်များလည်း ထည့်သွင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် ပွဲအတွက်ကုန်ကျစရိတ်အားဖြင့် ကျပ် (၁၂၈,၈၅၁,၁၉၉)ကို ကျခံသုံးစွဲခဲ့ပြီး ပွဲဖြစ်မြောက်ရေးအတွက် အတူတူပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အဖက်ဖက်မှ တာဝန်ရှိသူများနှင့် Proven Group of Companies အပါအဝင်ညီနောင်ကုမ္ပဏီမှ မိသားစုဝင်လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။







# PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီများတွင် လိုက်နာကျင့်သုံးမည့် FIXED ASSETS MANAGEMENT POLICY - ACKNOWLEDGE TRAINING ပြုလုပ်ခြင်း





Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီ များတွင်လိုက်နာကျင့်သုံးမည့် Fixed Assists Management Policy (မူကြမ်းနှင့် ပတ်သက်၍ Acknowledge Training ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် ညီနောင်ကုမ္ပဏီအသီးသီးရှိ Executive Director များ၊ Finance & Account Department မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ Admin Department မှ တာဝန်ရှိပုဂ္ဂိုလ်များ ကို ဖိတ်ကြားခဲ့ပြီးတက်ရောက်လာကြသူများမှသိလိုသည်များမေးမြန်းဆွေးနွေးခဲ့ကြပါသည်။

## NEW YEAR WISHES BY CEO

**Happy New Year 2025!**

**May 2025 bring you endless happiness, success, and good health.**

**May you dreeams take flight, your goals be achieved, and your days be filled with joy and positivity.**

**Here's to new beginning and a wonderful year ahead!**

**Best Wishes,**

**Than Htaik Lwin**

**Group CEO**

**Proven Group of Companies Limited**





**Get in touch us:**

**No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.**

**(PostCode -11041)**

**Corporate Contact No. (+95)9 880876920, Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667**

**Email to info@proven.com.mm, Website : www.proven.com.mm**




PROVEN TECHNOLOGY INDUSTRY | PROVEN DISTRIBUTION | PROVEN POLYWORLD | YANGON METAL INDUSTRY | PROVEN INTERNATIONAL | PROVEN AUTO

